## “Special Call Deposit Account မှာ ထပ်ဆင့်အတိုးနှုန်းရယူပါ” Campaign ၏စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

၁။ Special Call Deposit Account(Cash Call Account) ဘဏ်စာရင်း တွင် ငွေပိုမိုစုဆောင်းခြင်းဖြင့် အတိုးနှုန်းများ ပိုမိုရရှိမည့် Campaign ကာလကို ၂၀၂၄ခုနှစ် ဩဂုတ်လ (၁) ရက်နေ့ မှ ၂၀၂၄ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ အထိကျင်းပမည် ဖြစ်သည်။

၂။ ဤ Campaign ၏ ရည်ရွယ်ချက်မှာ Customers များအား Special Call Deposit Account (Cash Call Account) တွင် ပိုမိုစုဆောင်းခြင်းဖြင့် Customersများအား အတိုးနှုန်းပိုမိုရရှိစေရန်ဖြစ်ပါသည်။

၃။ ဤ Campaign သည် Special Call Deposit Account ခေါ် Cash Call Account (individual/ joint/ corporate) တွင် ငွေပမာဏတိုးမြင့်လာသည့် Customer များအားလုံး ပါဝင်နိုင်မည့်အစီအစဉ်ဖြစ်ပါသည်။

၄။ Campaign ကာလအတွင်း ကမ္ဘောဇဘဏ်၏ Customer များသည် မည်သည့် Cash Call ဘဏ်စာရင်း တွင်မဆို လစဉ် ငွေပိုမိုစုဆောင်းခြင်းအား ဖြင့် တိုးလာမည့် ငွေပမာဏ အပေါ် အပိုအတိုးနှုန်းရ ရှိမည်ဖြစ်ပါသည်။

၅။ ၎င်းရရှိမည့် အတိုးနှုန်းမှာ မိမိတို့ ပုံမှန်ရရှိနေသော အတိုးနှုန်းအပြင် ထပ်တိုးလာသောငွေပမာဏအပေါ်တွင် တစ်နှစ်လျှင် ၀.၅% မှ ၁.၀% ထိ ထပ်တိုးရရှိနိုင်မည် ဖြစ်သည်။ Customer များ၏ စုဆောင်းငွေကို လစဉ် ပျမ်းမျှတွက်ချက်၍ တိုးတက်လာသော ငွေပမာဏ အပေါ်တွင် တစ်နှစ်လျှင် ၀.၅% မှ ၁.၀% ထိ အတိုးနှုန်း ထပ်တိုးရရှိမည်ဖြစ်ပါသည်။ အသေးစိတ်ကို အောက်ပါဇယားတွင်ကြည့်ရှု နိုင်ပါသည်။

| စဉ် | ပျမ်းမျှ အပ်ငွေပမာဏ | အပိုဆောင်း အတိုးနှုန်း |
|---|---|---|
| ၁ | ၁၀သိန်းနှင့် သိန်း ၁၀၀ အောက် | ၀.၅% |
| ၂ | သိန်း ၁၀၀ နှင့် အထက် | ၁.၀% |

မှတ်ချက်။ ။ကန့်သတ်ချက်မှာ တိုးတက်လာသောပျမ်းမျှငွေပမာဏသည် အနည်းဆုံး ၁၀ သိန်းရှိမှသာ အပိုဆောင်းအတိုးနှုန်းကို ခံစားခွင့်ရရှိမည်ဖြစ်ပြီး အများဆုံး ပျမ်းမျှအပ်ငွေ သိန်း ၂၀၀အထိသာ အကျုံးဝင်ပါသည်။ သိန်း ၂၀၀ ထက်ကျော်လွန်လျှင်လည်း အပိုဘောနပ်အတိုးနှုန်း ကို သိန်း၂၀၀ အပေါ်တွင်သာတွက်ချက်ပေး၍ အတိုးနှုန်း ၁% သာ ထပ်တိုးရရှိနိုင်မည်ဖြစ်ပါသည်။

၆။ Campaign ကာလအတွင်း ထပ်တိုးရရှိမည့် အတိုးနှုန်းကို လစဉ် Customer ၏ Special Call Deposit Account (Special Call Deposit Account (Cash Call)) ဘဏ်စာရင်းထဲသို့ အတိုးနှုန်းတွက်ချက်ပြီး ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

ရှင်းလင်းချက်။ ။ဩဂုတ်လအတွက် ပျမ်းမျှငွေပမာဏအား တွက်ချက်ရာတွင် ဇူလိုင်လ၏ တစ်လစာ ပျမ်းမျှလက်ကျန်ငွေနှင့် ဩဂုတ်လ၏တစ်လစာ ပျမ်းမျှလက်ကျန်ငွေပမာဏအား နှိုင်းယှဉ်၍ ခြားနားပြီး တိုးတက်လာသော ငွေပမာဏ အပေါ်တွင် အပိုအတိုးနှုန်း အထက်ပါဇယားအတိုင်း အသီးသီး ထပ်တိုးရရှိမည်ဖြစ်သည်။

ဥပမာ (၁) - ဇူလိုင်လတွင် လစဉ်ပျမ်းမျှငွေပမာဏမှာ ကျပ်သိန်း ၂၀၀ ဖြစ်ပြီး ဩဂုတ်လတွင် လစဉ်ပျမ်းမျှငွေပမာဏမှာ ကျပ်သိန်း ၂၇၀ ဖြစ်ပါက၊ တိုးလာသောပျမ်းမျှပမာဏမှာ ကျပ်သိန်း ၇၀ ဖြစ်သည်။ ထိုတိုးလာသော ကျပ်သိန်း ၇၀ အတွက် ၀.၅% p.a. ကို ရရှိမည်ဖြစ်ပြီး အတိုးကို တိုးလာသော လ၏ လကုန်ရက် တွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

ဥပမာ (၂) - ဇူလိုင်လတွင် လစဉ်ပျမ်းမျှငွေပမာဏမှာ ကျပ်သိန်း ၂၀၀ ဖြစ်ပြီး ဩဂုတ်လတွင် လစဉ်ပျမ်းမျှငွေပမာဏမှာ ကျပ်သိန်း ၅၀၀ ဖြစ်ပါက၊ တိုးလာသောပျမ်းမျှပမာဏမှာ ကျပ်သိန်း ၃၀၀ ဖြစ်သည်။ ထိုတိုးလာသော ကျပ်သိန်း ၃၀၀ တွင် ကျပ်သိန်း ၂၀၀ အတွက် ၁% p.a. ကို ရရှိမည်ဖြစ်ပြီး အတိုးကို တိုးလာသော လ၏ လကုန်ရက် တွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၇။ Cash Call ဘဏ်စာရင်း တွင် ငွေစုဆောင်း၍ အပိုအတိုးနှုန်း ရရှိနိုင်သည့်အခွင့်အရေးမှာ ဤ Campaign ကာလဖြစ်သည့် ၂၀၂၄ခုနှစ် ဩဂုတ်လ (၁)ရက်နေ့ မှ စက်တင်ဘာလ (၃၀)ရက်နေ့ အထိ စုစုပေါင်း အချိန်နှစ်လတာအတွင်း အကျုံးဝင်ပါသည်။

၈။ ကမ္ဘောဇဘဏ် ဝန်ထမ်းများသည် ဤCampaignတွင် ပါဝင်သည့် Customerများ အား ဆက်သွယ်ပြီး ၎င်းတို့၏ OTP သို့မဟုတ် PIN နှင့်ပတ်သက်သည့် မည်သည့်သတင်းအချက် အလက်ကိုမျှ တောင်းခံမည် မဟုတ်ပါ။

၉။ ဤCampaignကာလအတွင်း မည်သည့်လိမ်လည်လှည့်ဖြားမှုမျိုးကိုမျှ ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားပါသည်။ လိမ်လည်မှုအား မည်သည့်ပုံစံမျိုးဖြင့်မဆို ကျူးလွန်သည်ဟု သံသယဖြစ်ခြင်း ခံရသည့် မည်သူ့ကိုမဆို ကမ္ဘောဇဘဏ် က ပယ်ဖျက်ခြင်း နှင့်/သို့မဟုတ် ပိတ်ပင်ခြင်းပြုလုပ်ပိုင်ခွင့်ရှိသည်။

၁၀။ ဤCampaignကာလနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ် Customer နှင့် ကမ္ဘောဇဘဏ် တို့အကြား အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုအား ကမ္ဘောဇဘဏ် ၏ တာဝန်ရှိသူများမှ ပြဋ္ဌာန်းဥပဒေအရ Customerများ၏ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးအား ထိခိုက်နစ်နာမှုမရှိစေရန် သေချာစွာစိစစ်၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၁၁။ ကမ္ဘောဇဘဏ် သည် မည်သည့်အချိန်တွင်မဆို တစ်စုံတစ်ရာသော အကြောင်းကြောင့် အသိပေး အကြောင်းကြား နိုင်ခြင်းမရှိဘဲ သတ်မှတ်ထားသော စည်းမျဉ်း နှင့် စည်းကမ်းများကို ပြင်ဆင် ပြောင်းလဲခြင်း၊ ရပ်စဲခြင်း နှင့်၊ သို့မဟုတ် Campaignအား ပယ်ဖျက်ခွင့် နှင့် Campaign နှင့်ပတ်သက်သော အကျိုးခံစားခွင့် သို့မဟုတ် သွင်ပြင်လက္ခဏာများအား ပြောင်းလဲခွင့် နှင့်၊ သို့မဟုတ် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပိုင်ခွင့် တို့အား အခြေအနေအရ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၂။ ကမ္ဘောဇဘဏ် အနေဖြင့် တစ်စုံတစ်ရာသောအကြောင်းကြောင့် အသိပေးအကြောင်းကြားနိုင်ခြင်းမရှိဘဲ ဤCampaignအား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း (သို့မဟုတ်) စည်းကမ်းချက်တစ်စုံတစ်ရာ ပြောင်းလဲခြင်းကြောင့် ကမ္ဘောဇဘဏ် Customerများအနေဖြင့် လျော်ကြေးတစ်စုံတစ်ရာ ရပိုင်ခွင့်မရှိသည်ကို သိရှိသဘောတူပါသည်။

၁၃။ ကမ္ဘောဇဘဏ် နှင့် သက်ဆိုင်သော ပုံမှန်စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များလည်း အကျုံးဝင် စေရမည်။

၁၄။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့် အညီ အဓိပ္ပါယ်ဖွင့်ဆိုရမည်။

၁၅။ ကမ္ဘောဇဘဏ် သည် COVID-19 ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ သို့မဟုတ် ကမ္ဘောဇဘဏ် အနေဖြင့် ထိန်းချုပ်၍ မရသော အခြေအနေနှင့်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များ ဖြစ်ပေါ် မှုကြောင့်ဖြစ်စေ ဆောင်ရွက် ထားသည့် မည်သည့်လုပ်ဆောင်မှုမျိုး ကိုမဆို အခြေအနေအရပ်ရပ်ပေါ်မူတည်၍ ပြောင်းလဲခွင့် ရှိပါသည်။ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ ဖြစ်ပျက်နေစဉ်ကာလအတွင်း ကမ္ဘောဇဘဏ် မှ ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ် အနေဖြင့် ကမ္ဘောဇဘဏ် Customerများ အပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး အပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

၁၆။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုး ဖြင့် ရေးသားထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပါယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးဖြင့်ရေးသားထားသောကြောင့် ကွဲလွဲမှု တစ်စုံတစ်ရာရှိလျှင် မြန်မာသာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များကိုသာလျှင် အမှန်ယူမည်ဖြစ်သည်။